ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက် ထုတ်ပြန်သည့် စာအမှတ်၊ ရထ-၂/ မလ (ကညန)/ ၂၀၂၅ (၂၁၉၁) ဖြင့် ခွင့်ပြုချက်အရ တပ်ပိုင်စာရင်းမှ ပယ်ဖျက်ပြီးဖြစ်သော အရပ်ယာဉ်အမှတ် 9S-1269 နှင့် 9S-2274၊ အမျိုးအမည် Genesis G-80, 4WD 2026 Model (Uyuni White Pearl) မော်တော်ယာဉ် ၂ စီးတို့ကို The Alps Trading Co., Ltd အမည်ဖြင့် ကနဦးမှတ်ပုံတင်ဆောင်ရွက်ရာတွင် အထူးကိစ္စရပ်အဖြစ် ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ ကင်းလွတ်ခွင့်ပြုထားသည့်ယာဉ်ဖြစ်ခြင်း၊ ဌာနကထုတ်ပြန်ထားသော မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေ၊ ရုံးအမိန့်၊ ညွှန်ကြားချက်များအရ ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ၊ ကနဦးယာဉ် မှတ်ပုံတင်ခနှင့် ယာဉ်ထုတ်ရက်လွန်ဒဏ်ကြေးတို့ကို ကင်းလွတ်ခွင့်ပြုနိုင်ခြင်းတို့ကြောင့် ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၁၂ (က) အရ ဖောင်းကြွနံပါတ်ပြားခမှအပ ယာဉ်မှတ်ပုံတင်လုပ်ငန်းနှင့်ပတ်သက်သည့် အခကြေးငွေများကို ကင်းလွတ်ခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၂၄/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်)

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်စွဲပါ စာအမှတ်၊ ၇၂၈/ ၁၂၁-ကတ ၂-၁/ ပထဖ (၄/ ၂၀၂၅) အရ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဦးကျော်စိုး အား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ အကြံပေးအဖြစ် လစဉ်ထောက်ပံ့ငွေ ၅၀၀,၀၀၀/- ဖြင့် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့မှစ၍ ပထမအကြိမ် ၁ နှစ်ခန့်ထားလိုက်သည်။

မြထွန်းဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၀/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

**နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး ထပ်မံခံစားခွင့်ပြုခြင်း**

**အပိုင်း ၁**

**ဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး**

၁။ နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် ဝန်ထမ်းများအား အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် တစ်လ ၃၀,၀၀၀/- ကို ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ ပထမအကြိမ်အဖြစ်လည်းကောင်း၊ ၂၀၂၄ ခုနှစ် ဩဂုတ်လမှစတင်၍ ဒုတိယအကြိမ်အဖြစ်လည်းကောင်း လစဉ်ခံစားခွင့်ပြုခဲ့ပါသည်။ ယခုအခါလက်ရှိထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေး ၆၀,၀၀၀/-အပြင် ထပ်မံ၍ ၃၀,၀၀၀/- (ကျပ်သုံးသောင်းတိတိ) ကို အပိုထောက်ပံ့ကြေးအဖြစ် လစဉ်ခံစားခွင့်ပြုလိုက်သည်။

## အပိုင်း ၂

## တပ်မတော် (ကြည်း၊ ရေ၊ လေ) ဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး

၂။ နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဝန်ထမ်းများအား အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် တစ်လ ၃၀,၀၀၀ိ/- ကို ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ ပထမအကြိမ်အဖြစ်လည်းကောင်း၊ ၂၀၂၄ ခုနှစ် ဩဂုတ်လမှစတင်၍ ဒုတိယအကြိမ်အဖြစ်လည်းကောင်း လစဉ်ခံစားခွင့်ပြုခဲ့ပါသည်။ ယခုအခါ လက်ရှိထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေး ၆၀,၀၀၀ိ/-အပြင် ထပ်မံ၍ ၃၀,၀၀၀ိ/-(ကျပ်သုံးသောင်းတိတိ) ကို အပိုထောက်ပံ့ကြေး အဖြစ် လစဉ်ခံစားခွင့်ပြုလိုက်သည်။

## အပိုင်း ၃

## ဝန်ထမ်းများအား အပိုထောက်ပံ့ကြေးထုတ်ပေးရေးနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန်

၃။ အထက်ဖော်ပြပါ နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် ဝန်ထမ်းများနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဝန်ထမ်းများအား အပိုထောက်ပံ့ကြေးထုတ်ပေးရာတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လအတွက်နှင့် လစာပြည့် သို့မဟုတ် လစာဝက်အစရှိသည့် လစာငွေရရှိသော အခြားခွင့်ခံစားနေသည့်ကာလအတွင်း အပိုထောက်ပံ့ကြေးကို ခံစားခွင့်ရှိပါသည်။

(ခ) ပညာသင်ကြားခွင့်[၁] ဖြင့် နိုင်ငံခြားတိုင်းပြည်များသို့ စေလွှတ်ခြင်းခံရသောဝန်ထမ်းများနှင့် ပညာသင်ခွင့် စည်းကမ်းချက်များ[၂] ဖြင့် နိုင်ငံခြားသို့ သွားရောက်ပညာသင်ကြားနေကြသည့် ဝန်ထမ်းများသည် ယင်းသို့ သွားရောက်နေသည့် ကာလအတွင်း အပိုထောက်ပံ့ကြေးကို ခံစားခွင့်မရှိပါ။

(ဂ) တာဝန်ထမ်းဆောင်ရာ၌ လိုအပ်သောအရည်အချင်း ပြည့်စုံမှုအတွက် ပြည်တွင်းတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံတစ်ခုခုတွင်လည်းကောင်း၊ စက်မှုစိုက်ပျိုးနှင့် သက်မွေးပညာဆိုင်ရာသိပ္ပံ သို့မဟုတ် အထက်တန်း ကျောင်းတစ်ခုခုတွင်လည်းကောင်း ပညာသင်ခွင့်စည်းကမ်းချက်များဖြင့် တက်ရောက်ပညာသင်ကြားခွင့် ရရှိသော ဝန်ထမ်းများအား ပညာသင်ခွင့်ကာလအတွင်း အပိုထောက်ပံ့ကြေးကိုခံစားခွင့် ပြုရပါမည်။

(ဃ) ရာထူးမှ ခေတ္တချထားခြင်းခံရသော ဝန်ထမ်းများအား တည်ဆဲနည်းဥပဒေများအရ နေထိုင် စားသောက်မှုစရိတ်[၃] ကို ထုတ်ပေးထားစဉ်ကာလအတွင်း အပိုထောက်ပံ့ကြေးကို ခံစားခွင့်ပြုရပါမည်။

(င) ပုံသေလစာ[၄] ရရှိသော ဝန်ထမ်းများသည်လည်း အပိုထောက်ပံ့ကြေးကို လစဉ်ခံစားခွင့်ရှိမည် ဖြစ်ပါသည်။

## အပိုင်း ၄

## နေ့စားဝန်ထမ်းများနှင့် နေ့စားအလုပ်သမားများအတွက် အပိုထောက်ပံ့ကြေး

၄။ အစိုးရဌာနများနှင့် အဖွဲ့အစည်းများရှိ နေ့စားဝန်ထမ်းများနှင့် နေ့စားအလုပ်သမားများ၏ လုပ်ခကို အလုပ်ချိန် တစ်နေ့ (၈) နာရီအတွက် လက်ရှိသတ်မှတ်ထားသော လုပ်ခ ၄,၈၀၀ိ/- အပေါ်တွင် အပိုထောက်ပံ့ကြေး ၁,၀၀၀ိ/- ကို ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ ပထမအကြိမ်အဖြစ် လည်းကောင်း၊ ထပ်မံ၍ ၁,၀၀၀ိ/- ကို ၂၀၂၄ ခုနှစ် ဩဂုတ်လမှစတင်၍ ဒုတိယအကြိမ်အဖြစ်လည်းကောင်း လစဉ်ခံစားခွင့်ပြုခဲ့ပါသည်။ ယခုအခါ လက်ရှိထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေး ၂,၀၀၀ိ/- အပြင် ထပ်မံ၍ ၁,၀၀၀ိ/- ကို အပိုထောက်ပံ့ကြေးအဖြစ် ခံစားခွင့်ပြုရန်ဖြစ်သဖြင့် နေ့စားအလုပ်သမားများအား နေ့စဉ်လုပ်ခ ၇,၈၀၀ိ/- (ကျပ်ခုနစ်ထောင့်ရှစ်ရာတိတိ) ကို ခွင့်ပြုရန် ဖြစ်ပါသည်။

၅။ အောက်ဖော်ပြပါဝန်ထမ်းများသည် အပိုထောက်ပံ့ကြေးကို ခံစားခွင့်မရှိပါ-

(က) လုပ်ငန်းစာချုပ်အစရှိသည့် ဆောင်ရွက်ပြီးစီးသော လုပ်ငန်းပမာဏ သို့မဟုတ် အရေအတွက်ကို လိုက်၍ အခကြေးငွေရရှိသည့် ဝန်ထမ်းများနှင့် အလုပ်သမားများ၊

(ခ) အချိန်ပိုင်း[၅] သာ ဆောင်ရွက်ရသည့် ဝန်ထမ်းများ။

---

၁။ Study Leave

၂။ Deputation

၃။ Subsistence Allowance

၄။ Fixed Pay

၅။ Part – time

## အပိုင်း ၅
## အငြိမ်းစားဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး

၆။ နိုင်ငံတော်အတွင်းမှီတင်းနေထိုင်ကြသောအငြိမ်းစားဝန်ထမ်းများ(တပ်မတော်အငြိမ်းစားဝန်ထမ်းများ အပါအဝင်) အား အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် တစ်လ ၃၀,၀၀၀ိ/- ကို ၂၀၂၄ ခုနှစ် ဩဂုတ်လမှ စတင်၍ ပထမအကြိမ်အဖြစ် လစဉ်ခံစားခွင့်ပြုခဲ့ပါသည်။ ယခုအခါ လက်ရှိထောက်ပံ့လျက်ရှိသည့် အပို ထောက်ပံ့ကြေး ၃၀,၀၀၀ိ/- အပြင် ထပ်မံ၍ ၃၀,၀၀၀ိ/- (ကျပ်သုံးသောင်းတိတိ) ကို အပိုထောက်ပံ့ကြေး အဖြစ် လစဉ်ခံစားခွင့်ပြုရန်ဖြစ်ပါသည်။

## အပိုင်း ၆
## အငြိမ်းစားဝန်ထမ်းများအား အပိုထောက်ပံ့ကြေးပေးရေးနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန်

၇။ အငြိမ်းစားဝန်ထမ်းများအား အပိုထောက်ပံ့ကြေးခံစားခွင့်ပြုရေးနှင့်ပတ်သက်၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် အငြိမ်းစားဝန်ထမ်းများကိုသာ အပိုထောက်ပံ့ကြေးကို ခံစားခွင့်ပြုရန်ဖြစ်၍ နိုင်ငံခြားတိုင်းပြည်များတွင် ယာယီဖြစ်စေ၊ အမြဲတမ်းဖြစ်စေ သွားရောက် နေထိုင်ကြသူများကို နိုင်ငံခြားတွင်သွားရောက်နေစဉ်အတွင်း အပိုထောက်ပံ့ကြေးကို ခံစားခွင့်ပြုမည် မဟုတ်ပါ။

(ခ) ပင်စင်လစာတစ်ခုထက်ပို၍ ရရှိနေသော အငြိမ်းစားဝန်ထမ်းများအတွက် ယင်းသို့ ရရှိနေသည့် ပင်စင်လစာအားလုံး၏ စုစုပေါင်းအပေါ်တွင် အပိုထောက်ပံ့ကြေးကို ခံစားခွင့်ပြုရန်ဖြစ်ပါသည်။

(ဂ) မိသားစုပင်စင်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူအားလုံး (ဥပမာ-ကွယ်လွန်သူဝန်ထမ်း၏ဇနီးနှင့် သားသမီးများအားလုံး) ခံစားရရှိနေသည့် ပင်စင်ငွေစုစုပေါင်းအပေါ်တွင် အပိုထောက်ပံ့ကြေးကို ခံစားခွင့်ပြုရန်နှင့် ယင်းအပိုထောက်ပံ့ကြေးကို တစ်ကြိမ်သတ်မှတ်ပြီးဖြစ်ပါက တစ်ဦးတစ်ယောက်၏ ခံစားခွင့်ရပ်စဲသွားသည့်အခါ အပိုထောက်ပံ့ကြေးကို ထပ်မံပြင်ဆင်သတ်မှတ်ရန်မလိုပါ။

(ဃ) ယခုခွင့်ပြုသော အပိုထောက်ပံ့ကြေးကို တစ်လုံးတည်းပင်စင်အဖြစ် လဲလှယ်ခွင့်မရှိပါ။

(င) ပင်စင်နှင့် လုပ်သက်ဆုငွေများကို လက်ရှိပြဋ္ဌာန်းထားသော စည်းမျဉ်းများအတိုင်းပင် ဆက်လက် ခံစားခွင့်ပြုရမည်။

(စ) ယခင်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်စွဲပါ စာအမှတ်၊ စဘ/ ဘဏ္ဍာ-၂/ ၂/ ၃၁၀ (၃၉၀၄/ ၂၀၂၄)ဖြင့် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်အပိုဒ် ၂ ပါ အချက်များကိုပါ လိုက်နာဆောင်ရွက်ရမည်။

## အပိုင်း ၇
## အထွေထွေ

၈။ ဤအမိန့်သည် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အတည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအား ၂၀၂၅ ခုနှစ် အောက်တိုဘာလအတွက် ပေးရန်ရှိသော လစာ၊ လုပ်ခ၊ ပင်စင်လစာနှင့်အတူ အပိုထောက်ပံ့ကြေးကို ထုတ်ပေးနိုင်အောင် ဆောင်ရွက်ပေးရပါမည်။

ဒေါက်တာ ကံဇော်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၄၀၉/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၇၁/ ၂၀၂၅ အရ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးသီတာမျိုး အား ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၅၅၀,၀၀၀/-) အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၄၁၀/၂၀၂၅)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၇၁/ ၂၀၂၅ အရ နိုင်ငံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်ဝင်း အား ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၅၅၀,၀၀၀/-) အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

သန်းဆွေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံခြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာ (၉၃၃/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်)

၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၁) အရ အောက်ဖော်ပြပါမြေများကို အများပြည်သူအကျိုးငှာ **နိုင်ငံတော်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ကြသော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းများအိမ်ရာမြေ** အဖြစ် အသုံးပြုရန်အတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အလိုရှိကြောင်း ကြေညာလိုက်သည်-

**မြေတည်ရှိရာဒေသ**

| တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | ကျေးရွာအုပ်စု အမည် | ကွင်း/အကွက်အမှတ်နှင့် အမည် | ဦးပိုင်အမှတ် | ဧရိယာ (ဧက) |
|---|---|---|---|---|---|
| မကွေး | မကွေး | နံ့ကပ်ကျွန်း | ၁၆၄၈/၂၆၁၀ /ဝါးတောချောင်းကွင်း | ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ N၅၉/၄ | ၆.၆၈ |
| | | | ၁၆၄၈/၂၆၁၁ /ကံရှည်ကွင်း | ၆ | ၁.၆၀ |
| **စုစုပေါင်း** | | | | **၆ ခု** | **၈.၂၈** |

မြေသိမ်းအက်ဥပဒေပုဒ်မ ၃ (ဂ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များအရ မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးအား အထက်ဖော်ပြပါဒေသရှိ မြေသိမ်းယူခြင်းကိစ္စအဝဝကို အရေးယူဆောင်ရွက်ရန် ကော်လိတ်တော်အရာရှိအဖြစ် ခန့်ထားလိုက်သည်။

သိမ်းယူမည့်မြေနှင့်စပ်လျဉ်း၍ မြေသိမ်းအက်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၂) တွင် ပြဋ္ဌာန်းထားသည့် အတိုင်းဆောင်ရွက်ရန် မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးသို့ လုပ်ပိုင်ခွင့် အပ်နှင်းလိုက်သည်။

၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေပုဒ်မ ၆ အရ အထက်ဖော်ပြပါမြေများကို **နိုင်ငံတော်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ကြသော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းများအိမ်ရာမြေ** အဖြစ် အသုံးပြုရန်အတွက် သိမ်းဆည်းရန်အလိုရှိကြောင်း ကြေညာလိုက်သည်။

**မြေအကြောင်းအရာဖော်ပြချက်**။ တိုင်းတာသတ်မှတ်ထားသောမြေ၏ ကွင်းအမှတ်/အမည်၊ ဦးပိုင်အမှတ်၊ မြေဧရိယာနှင့် ပိုင်ရှင်အမည်များအား **နောက်ဆက်တွဲ** ပါအတိုင်း ဖော်ပြအပ်ပါသည်-

ဖော်ပြပါမြေ၏ အလား (၄) ရပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | |
|---|---|---|
| အရှေ့လားသော် | - | ကွင်းအမှတ် (၁၆၄၈/၂၆၁၁၊ ကံရှည်ကွင်း) |
| နောက်လားသော် | - | ဦးပိုင်အမှတ် (N ၅၉/၅) |
| တောင်လားသော် | - | တပ်မ (၈၈) စက်ပစ်ကွင်းမြေနေရာ |
| မြောက်လားသော် | - | ဦးပိုင်အမှတ် (N ၅၉/၃) |

စာရင်းတွင် ဖော်ပြပါမြေကွက်များနှင့် ဧရိယာများသည် ၂၀၂၄-၂၀၂၅ ခုနှစ်အတွက် အသုံးပြုသော မြေပုံများအရဖြစ်၍ ယင်းမြေပုံကို မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ကြည့်ရှုစစ်ဆေးနိုင်ပါသည်။

မြေသိမ်းအက်ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (၁) အရ နှင့် မြေသိမ်းအက်ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (၁) နှင့် (၃) တို့တွင် ဖော်ပြထားသည့်အတိုင်း အမိန့်ကြော်ငြာစာထုတ်ဆင့်ပြီးနောက် (၁၅) ရက်ကုန်ဆုံးသောအခါ အဆိုပါမြေကိုသိမ်းယူပြီးလျှင် **နိုင်ငံတော်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ကြသော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းများအိမ်ရာမြေ** အဖြစ် အသုံးပြုရန်အတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လွှဲပြောင်းပေးရမည်ဟု မြေသိမ်းကော်လိတ္တော်အရာရှိအား ညွှန်ကြားလိုက်သည်။

မြေသိမ်းဆည်းလွှဲပြောင်းပေးသည့်မြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ပြန်လည်အပ်နှံရမည်။

နောက်ဆက်တွဲ

**နိုင်ငံတော်လုံခြုံရေးတာဝန်များတွင် စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းများအိမ်ရာမြေဧရိယာအတွင်းရှိ ဦးပိုင် (၆) ခု၏ မြေပိုင်ရှင်များ အမည်စာရင်း**

| စဉ် | အမည် | ကွင်းအမှတ် | ဦးပိုင်အမှတ် | စုစုပေါင်းမြေဧရိယာ (ဧက) |
|---|---|---|---|---|
| ၁ | ဦးမျိုးဇော်အောင် | ၁၆၄၈/၂၆၁၀ ဝါးတောချောင်းကွင်း | ၁၂ | ၁.၆၄ |
| ၂ | ဦးမျိုးဇော်အောင် | ၁၆၄၈/၂၆၁၀ ဝါးတောချောင်းကွင်း | ၁၃ | ၀.၃၈ |
| ၃ | ဦးမျိုးဇော်အောင် | ၁၆၄၈/၂၆၁၀ ဝါးတောချောင်းကွင်း | N ၅၉/၄ | ၃.၂၀ |
| ၄ | ဦးအောင်ကျော်မိုး | ၁၆၄၈/၂၆၁၀ ဝါးတောချောင်းကွင်း | ၁၄ | ၁.၀၀ |
| ၅ | ဦးအောင်ကျော်မိုး | ၁၆၄၈/၂၆၁၀ ဝါးတောချောင်းကွင်း | ၁၅ | ၀.၄၆ |
| ၆ | ဦးအောင်ကျော်မိုး | ၁၆၄၈/၂၆၁၁ ကံရှည်ကွင်း | ၆ | ၁.၆၀ |
| စုစုပေါင်း | | | ၆ ခု | ၈.၂၈ ဧက |

## အမိန့်ကြော်ငြာစာ (၉၃၄/၂၀၂၅)

၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၁) အရ အောက်ဖော်ပြပါမြေများကို အများပြည်သူအကျိုးငှာ **နိုင်ငံတော်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ကြသော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းများအိမ်ရာမြေ** အဖြစ် အသုံးပြုရန်အတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အလိုရှိကြောင်း ကြေညာလိုက်သည်-

မြေတည်ရှိရာဒေသ

| တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | ကျေးရွာအုပ်စု အမည် | ကွင်း/အကွက်အမှတ်နှင့် အမည် | ဦးပိုင်အမှတ် | ဧရိယာ (ဧက) |
|---|---|---|---|---|---|
| မကွေး | မကွေး | နံကပ်ကျွန်း | ၁၆၄၈/၂၆၁၀ /ဝါးတောချောင်းကွင်း | ၁၉၊ ၂၀၊ ၂၃/၆၃၊ N၅၈၊ N၁၅၊ N၅၉၊ N၃၅/၁၊ N၃၅/၂၊ ၂၃၊ N၄၇၊ N၃၈ | ၂၃.၄၄ |
| စုစုပေါင်း | | | | ၁၁ ခု | ၂၃.၄၄ |

မြေသိမ်းအက်ဥပဒေပုဒ်မ ၃ (င) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များအရ မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးအား အထက်ဖော်ပြပါဒေသရှိ မြေသိမ်းယူခြင်းကိစ္စအဝဝကို အရေးယူဆောင်ရွက်ရန် ကော်လိတ္တော်အရာရှိအဖြစ် ခန့်ထားလိုက်သည်။

သိမ်းယူမည့်မြေနှင့်စပ်လျဉ်း၍ မြေသိမ်းအက်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၂) တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဆောင်ရွက်ရန် မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးသို့ လုပ်ပိုင်ခွင့် အပ်နှင်းလိုက်သည်။

၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေပုဒ်မ ၆ အရ အထက်ဖော်ပြပါမြေများကို **နိုင်ငံတော်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ကြသော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းများအိမ်ရာမြေ** အဖြစ် အသုံးပြုရန်အတွက် သိမ်းဆည်းရန်အလိုရှိကြောင်း ကြေညာလိုက်သည်။

**မြေအကြောင်းအရာဖော်ပြချက်။** တိုင်းတာသတ်မှတ်ထားသောမြေ၏ ကွင်းအမှတ်/အမည်၊ ဦးပိုင်အမှတ်၊ မြေဧရိယာနှင့် ပိုင်ရှင်အမည်များအား **နောက်ဆက်တွဲ** ပါအတိုင်း ဖော်ပြအပ်ပါသည်-

ဖော်ပြပါမြေ၏ အလား (၄) ရပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

အရှေ့လားသော် - ဦးပိုင်အမှတ် (၅၉/၅)

နောက်လားသော် - ဦးပိုင်အမှတ် (၃၉၊ ၄၀)

တောင်လားသော် - တပ်မ (၈၈) စက်ပစ်ကွင်းမြေနေရာ

မြောက်လားသော် - ဦးပိုင်အမှတ် (၉၊ ၁၀၊ ၁၁)

စာရင်းတွင် ဖော်ပြပါမြေကွက်များနှင့် ဧရိယာများသည် ၂၀၂၄-၂၀၂၅ ခုနှစ်အတွက် အသုံးပြုသော မြေပုံများအရဖြစ်၍ ယင်းမြေပုံကို မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ကြည့်ရှုစစ်ဆေးနိုင်ပါသည်။

မြေသိမ်းအက်ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (၁) အရနှင့် မြေသိမ်းအက်ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (၁) နှင့် (၃) တို့တွင် ဖော်ပြထားသည့်အတိုင်း အမိန့်ကြော်ငြာစာထုတ်ဆင့်ပြီးနောက် (၁၅) ရက်ကုန်ဆုံးသောအခါ အဆိုပါမြေကိုသိမ်းယူပြီးလျှင် **နိုင်ငံတော်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ကြသော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းများအိမ်ရာမြေ** အဖြစ် အသုံးပြုရန်အတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လွှဲပြောင်းပေးရမည်ဟု မြေသိမ်းကော်လိတ္တော်အရာရှိအား ညွှန်ကြားလိုက်သည်။

မြေသိမ်းဆည်းလွှဲပြောင်းပေးသည့်မြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ပြန်လည်အပ်နှံရမည်။

နောက်ဆက်တွဲ

**နိုင်ငံတော်လုံခြုံရေးတာဝန်များတွင် စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းများအိမ်ရာမြေဧရိယာအတွင်းရှိ ဦးပိုင် (၁၁) ခု၏ မြေပိုင်ရှင်များ အမည်စာရင်း**

| စဉ် | အမည် | ကွင်းအမှတ် | ဦးပိုင်အမှတ် | စုစုပေါင်းမြေဧရိယာ (ဧက) |
|---|---|---|---|---|
| ၁ | ဒေါ်ကြူကြူမာ | ၁၆၄၈/၂၆၁၀ ဝါးတောချောင်းကွင်း | ၁၉ | ၁.၀၀ |
| ၂ | ဦးစိုင်းအောင်ဆိုင်း | ၁၆၄၈/၂၆၁၀ ဝါးတောချောင်းကွင်း | ၂၀ | ၁.၄၇ |
| ၃ | ဦးစိုင်းအောင်ဆိုင်း | ၁၆၄၈/၂၆၁၀ ဝါးတောချောင်းကွင်း | ၂၃/၆၃ | ၂.၁၄ |
| ၄ | ဦးမျိုးဇော်အောင် | ၁၆၄၈/၂၆၁၀ ဝါးတောချောင်းကွင်း | N ၅၉ | ၁.၉၇ |
| ၅ | ဦးမျိုးချစ် | ၁၆၄၈/၂၆၁၀ ဝါးတောချောင်းကွင်း | N ၃၅/၁ | ၂.၃၂ |
| ၆ | ဦးမျက်ပြူး | ၁၆၄၈/၂၆၁၀ ဝါးတောချောင်းကွင်း | N ၃၈ | ၁.၅၂ |
| ၇ | ဦးမြင့်နိုင်ဦး | ၁၆၄၈/၂၆၁၀ ဝါးတောချောင်းကွင်း | N ၅၈ | ၀.၅၀ |
| ၈ | ဦးအေးလွင် | ၁၆၄၈/၂၆၁၀ ဝါးတောချောင်းကွင်း | N ၃၅/၂ | ၃.၅၀ |
| ၉ | ဦးကျော်အောင် | ၁၆၄၈/၂၆၁၀ ဝါးတောချောင်းကွင်း | ၂၃ | ၃.၆၅ |
| ၁၀ | ဦးနေဝင်းထွန်း | ၁၆၄၈/၂၆၁၀ ဝါးတောချောင်းကွင်း | N ၄၇ | ၀.၃၇ |
| ၁၁ | ဦးအောင်ကျော်မိုး | ၁၆၄၈/၂၆၁၀ ဝါးတောချောင်းကွင်း | N ၁၅ | ၅.၀၀ |
| စုစုပေါင်း | | | ၁၁ ခု | ၂၃.၄၄ |

**အမိန့်ကြော်ငြာစာ(၉၃၅/၂၀၂၅)**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၃/ မြို့ဟောင်းကွက်)၊ ဦးပိုင်အမှတ် (၁၃) ရှိ **မြေဧရိယာ ၂.၃၁၀ ဧက** အနက်မှ **၂.၁၇၃ ဧက** အား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားက မူလပိုင်ရှင်သို့ ပြန်လည်ပေးအပ်ရန်အတွက် နိုင်ငံတော်သို့ပြန်လည်စွန့်လွှတ်အပ်နှံခွင့်ပြုပါရန် တင်ပြခဲ့မှုအပေါ် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၉ ရက်စွဲပါ စာအမှတ်၊ ၅၀၉ (၃၈)/၁၂/ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားက မူလပိုင်ရှင်သို့ ပြန်လည်ပေးအပ်ရန်အတွက် နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၂.၁၇၃ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နယ်စပ်ရေးရာဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၄၃/ ၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း) မှ ဒုတိယပါမောက္ခချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)

ဦးသောင်းထိုက် အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့ (ညနေပိုင်း) ထိ ခံစားခွင့်ပြုလိုက်သည်။

၂။ ယင်းခွင့်ရက်များ ကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့ (နံနက်ပိုင်း) မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

၃။ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း) မှ ဒုတိယပါမောက္ခချုပ် ဦးသောင်းထိုက် အား သက်ပြည့်ပင်စင်ခံစားခွင့်ပြုရန်အတွက် လုပ်သက် ၂၆ နှစ်ပြည့်ရန် လိုအပ်သော ချို့တဲ့ကာလ ၉ လနှင့် ၂၄ ရက်ကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၄၄၊ နည်းဥပဒေခွဲ (က) အရ ဖြည့်စွက်ရေတွက်ခွင့်ပြုလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နယ်စပ်ရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၅ အရ ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၁၂) အဆင့်မြင့်ဆက်သွယ်မှုတပ်ရင်းမှ ကြည်း ၄၇၉၀၈ ဗိုလ်မှူး ခိုင်ဇော် အား ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် လက်ထောက်ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) ရာထူးနေရာဖြင့် အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ထမ်းဆောင်ခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၂၅)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၅ အရ ကာကွယ်ရေးဝန်ကြီးဌာနမှ အောက်ဖော်ပြပါ တပ်မတော်အရာရှိ (၃) ဦးတို့အား ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာဖြင့် အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ထမ်းဆောင်ခွင့်ပြုလိုက်သည်-

| စဉ် | ကိုယ်ပိုင်အမှတ် | အဆင့် | အမည် |
|---|---|---|---|
| (က) | ကြည်း ၅၅၈၈၀ | ဗိုလ်ကြီး | မြင့်မြတ်ဦး |
| (ခ) | ကြည်း ၇၂၃၅၄ | ဗိုလ်ကြီး | ပြည့်ဖြိုးအောင် |
| (ဂ) | ကြည်း ၇၇၄၇၁ | ဗိုလ်ကြီး | ပြည့်ဖြိုးဦး |

ဒေါက်တာ ဝါဝါမောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၁၂၅/ ၂၀၂၅)**

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)

**၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု စိစစ်ရွေးချယ်ရေးကော်မတီဖွဲ့စည်းခြင်း**

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က စာပေဖွံ့ဖြိုးရေးနှင့် စာကောင်းပေမွန်တို့အတွက် နှစ်စဉ်ချီးမြှင့်လျက်ရှိသော အမျိုးသားစာပေတစ်သက်တာဆုများ စိစစ်ရွေးချယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၂၀၂၄ ခုနှစ်အတွက် **အမျိုးသားစာပေတစ်သက်တာဆု စိစစ်ရွေးချယ်ရေးကော်မတီ** ကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၃/ ၂၀၂၅) မှ သဘောတူညီချက်အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးရဲတင့်<br>ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ဦးကိုကိုနိုင်<br>ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( ဂ ) | ဒေါက်တာ ထွန်းတင့် (ဒေါက်တာ ထွန်းတင့်-မြန်မာစာ)<br>အမျိုးသားစာပေတစ်သက်တာဆုရှင် | အဖွဲ့ဝင် |
| (ဃ) | ဦးကျော်ဇင်ညွှန့် (တက္ကသိုလ်မြတ်သူ)<br>အမျိုးသားစာပေတစ်သက်တာဆုရှင် | အဖွဲ့ဝင် |
| ( င ) | ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)<br>အမျိုးသားစာပေတစ်သက်တာဆုရှင် | အဖွဲ့ဝင် |
| ( စ ) | ဦးတိုးကျော်<br>စာတည်းမှူးချုပ်<br>ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန | အတွင်းရေးမှူး |

၂။ ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု စိစစ်ရွေးချယ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အမျိုးသားစာပေတစ်သက်တာဆုကို ကော်မတီသည် အောက်ပါစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ စိစစ်ရွေးချယ်ရမည်-

(၁) သက်ရှိထင်ရှားဖြစ်သော စာပေပညာရှင်တစ်ဦးဖြစ်ရမည်။

(၂) သုတစာပေ၊ ရသစာပေနှင့် လူထုဆက်သွယ်ရေးလုပ်ငန်းတွင် ထိရောက်သော အတိုင်းအတာဖြင့် အားထုတ်ဆောင်ရွက်ခဲ့သူဖြစ်ရမည်။

(၃) ကိုယ်တိုင်ရေးသားပြုစုဖူးသော ခိုင်လုံပြည့်ဝသည့် စာအုပ်စာပေလက်ရာစာရင်းရှိရမည်။

(၄) စာပေလုပ်ငန်းတာဝန်ကို ထမ်းဆောင်ခဲ့သည့် နှစ်ကာလပရိစ္ဆေဒကို ထည့်သွင်းတွက်ချက်ရမည်။ (အသက်အရွယ်အားဖြင့် ၇၅ နှစ်နှင့်အထက် စာရေးသက်အနည်းဆုံး ၄၀ နှစ်ခန့်ရှိရမည်)

(၅) ဆုအတွက် စဉ်းစားခံရသောပုဂ္ဂိုလ်၏ စာပေရေးသားကျွမ်းကျင်မှုနယ်ပယ်ကို ထည့်သွင်းစဉ်းစားရမည်။ ဘာသာရပ်ချင်းယှဉ်ပါက အများကိုအကျိုးပြုနိုင်သည့် ဘာသာရပ်ကို ဦးစားပေးရမည်။

(၆) ဆုရွေးချယ်ရေးအဖွဲ့ဝင်များက လျာထားပေးသော စာပေပညာရှင်ကြီးများကို မဲပေး၍ ရွေးချယ်ကြရမည်။ ရရှိသောမဲရလဒ်အပေါ်တွင် မဲအများ၊ အနည်းအလိုက် ၃ ဦးခန့် ရွေးချယ်သတ်မှတ်ရမည်။

(၇) ဆုရွေးချယ်ရေးအဖွဲ့က ပညာရှင် ၃ ဦး၏ အမည်စာရင်းအား ရွေးချယ်ပေးပြီး ပြန်ကြားရေးဝန်ကြီးဌာနသို့ တင်ပြအတည်ပြုရမည်။ ပြန်ကြားရေးဝန်ကြီးဌာနမှ သင့်လျော်သည့်ဦးရေအား စိစစ်ပြီး နိုင်ငံတော်အကြီးအကဲထံ တင်ပြရမည်။

( ခ ) သတ်မှတ်ထားသည့် အသက်အရွယ်၊ စာပေရေးသားမှု နှစ်ကာလပေါ်အခြေခံပြီး စာပေလောကတွင် သြဇာတိက္ကမကြီးမားသည့် စာပေပညာရှင် စာရေးဆရာကြီး၊ ဆရာမကြီးတို့၏ အမည်စာရင်းအား ကနဦးရှာဖွေစုဆောင်းပြုစုရန်၊

( ဂ ) ရှာဖွေစုဆောင်းပြုစုထားသည့် စာပေပညာရှင်စာရေးဆရာကြီး၊ ဆရာမကြီးတို့၏ အမည်စာရင်းများထဲမှ သတ်မှတ်ထားသည့် စည်းကမ်းချက်များဖြစ်သော အသက်အရွယ်နှင့် ဘဝတစ်လျှောက်လုံး စာပေတွင်ဘဝနစ်မြှုပ်ပြီး ကလောင်စွမ်းအားဖန်တီးမှုကို အခြေခံပြီး အနည်းဆုံး (၁၀) ဦး၏ အမည်စာရင်းအား အဖွဲ့ဥက္ကဋ္ဌထံ အဆိုပြုတင်သွင်းရန်၊

(ဃ) အမျိုးသားစာပေတစ်သက်တာဆု စိစစ်ရွေးချယ်နိုင်ရန်အတွက် ကော်မတီအစည်းအဝေးခေါ်ယူပြီး သတ်မှတ်အရေအတွက်အတိုင်း အတည်ပြုရွေးချယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

( င ) အမျိုးသားစာပေတစ်သက်တာဆု စိစစ်ရွေးချယ်ရေးကော်မတီအစည်းအဝေးက အတည်ပြုရွေးချယ်လိုက်သည့် စာပေပညာရှင်စာရေးဆရာကြီး၊ ဆရာမကြီး (၅) ဦးတို့၏ အမည်စာရင်းနှင့် ၎င်းတို့၏ ကိုယ်ရေးအကျဉ်းအချက်အလက်များ ပြည့်စုံစွာဖြည့်စွက်ရေးသားပြီး ပြန်ကြားရေးဝန်ကြီးဌာနသို့ ဆက်လက်တင်ပြပြီး အတည်ပြုချက်ရယူသည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ရန်။

မောင်မောင်အုန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်)

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၃၃/၂၀၂၅) သဘောတူညီချက်အရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အောက်ဖော်ပြပါ အမှုထမ်းများအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါရာထူးနေရာများသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ မူလရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|
| (က) | ဒေါ်စိုးစိုးနွယ်<br>ဦးစီးမှူး (ကွန်ပျူတာ)<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>စီမံရေးရာဌာနခွဲ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) | ဦးစီးအရာရှိ (ဝန်ထမ်း)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>စီမံရေးရာဌာနခွဲ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) |
| ( ခ ) | ဦးဇော်ထွေးလတ်<br>နည်းပြ (ဂီတ)<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ဂီတပညာဌာန၊ အနုပညာဌာနခွဲ<br>အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ် (မန္တလေး) | လက်ထောက်ကထိက (ဂီတ)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ဂီတပညာဌာန၊ အနုပညာဌာနခွဲ<br>အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ် (မန္တလေး) |

| စဉ် | အမည်၊ မူလရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|
| (၈) | ဦးမြင့်စိုး<br>နည်းပြ (ပန်းပု)<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ပန်းပုပညာဌာန၊ အနုပညာဌာနခွဲ<br>အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ<br>တက္ကသိုလ် (မန္တလေး) | လက်ထောက်ကထိက (ပန်းပု)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ပန်းပုပညာဌာန၊ အနုပညာဌာနခွဲ<br>အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ<br>တက္ကသိုလ် (မန္တလေး) |

တင်ဦးလွင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၀၅/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၅ ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုထားသော အောက်ဖော်ပြပါ အရာရှိ (၈) ဦးတို့အား ယှဉ်တွဲဖော်ပြပါ ဌာနများသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ယှဉ်တွဲဖော်ပြပါရာထူးဖြင့် ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ ရာထူး | ခန့်အပ်သည့် ရာထူး၊ လစာနှုန်း | ခန့်အပ်သည့် ဌာန |
|---|---|---|---|
| ၁ | ဒုတိယဗိုလ်မှူးကြီး ဟိန်းခေး<br>ကြည်း ၃၇၈၆၉ | ဒုတိယညွှန်ကြားရေးမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) | မွေးမြူရေးသုတေသနဦးစီးဌာန |
| ၂ | ဗိုလ်မှူး လွင်ထူးပိုင်<br>ကြည်း ၅၀၈၈၈ | လက်ထောက်ညွှန်ကြားရေးမှူး<br>(၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန |
| ၃ | ဗိုလ်ကြီး ကျော်ကျော်<br>ကြည်း ၄၇၅၂၃ | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) | ငါးလုပ်ငန်းဦးစီးဌာန |
| ၄ | ဗိုလ်ကြီး သိန်းထိုက်မင်း<br>ကြည်း ၄၉၈၁၈ | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) | စိုက်ပျိုးရေးဦးစီးဌာန |
| ၅ | ဗိုလ်ကြီး ကျော်စိုးလှိုင်<br>ကြည်း ၅၇၀၂၀ | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) | ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) |
| ၆ | ဗိုလ်ကြီး သန့်ဇင်လင်း<br>ကြည်း ၅၇၀၅၁ | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) | ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန |
| ၇ | ဗိုလ်ကြီး လွင်အောင်<br>ကြည်း ၅၈၀၉၇ | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန |
| ၈ | ဗိုလ်ကြီး ခန့်သော်နိုင်<br>ကြည်း ၇၂၆၄၃ | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၀၆/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်)

## ရာထူးတိုးမြှင့်ခန့်ထားခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန (ဆည်မြောင်း) မှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ရုံးအုပ် (၂) ဦးတို့အား ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင်ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၃၃/၂၀၂၅) ၏ သဘောတူညီချက်အရ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း) ၌ လစ်လပ်လျက်ရှိသည့် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဦးစီးအရာရှိ (စီမံ) ရာထူးသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့် ရာထူး |
|---|---|---|---|
| (က) | ဒေါ်မေမြတ်နော် | ရုံးအုပ် | ဦးစီးအရာရှိ (စီမံ) |
| ( ခ ) | ဒေါ်ခိုင်အေးငယ် | ရုံးအုပ် | ဦးစီးအရာရှိ (စီမံ) |

၂။ အထက်ဖော်ပြပါ အရာထမ်းများအား နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်သော အနီးစပ်ဆုံး အရာထမ်းအခြေခံသင်တန်းသို့ တက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်ဖြစ်သည်။

မင်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၃၀၄/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၅ အရ ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၁၄) ခြေလျင်တပ်ရင်းမှ ကြည်း ၇၁၇၇၆ ဗိုလ်ကြီး အေးချမ်းသာ အား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးရုံးတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)တန်း၊ ဦးစီးအရာရှိ (စီမံ) ရာထူးနေရာသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ သွတ်သွင်းခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၃၀၅/၂၀၂၅)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၅ အရ ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၂၈၄) ခြေလျင်တပ်ရင်းမှ ကြည်း ၆၃၆၁၄ ဗိုလ်ကြီး မျိုးကိုအောင် အား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးရုံးတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)တန်း၊ ဦးစီးအရာရှိ (စီမံ) ရာထူးနေရာသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ သွတ်သွင်းခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၃၀၆/၂၀၂၅)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၅ အရ ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၂၆၁) ခြေလျင်တပ်ရင်းမှ

ကြည်း ၇၁၀၂၂ ဗိုလ်ကြီး လင်းထက်နိုင် အား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ရုံးချုပ်၊ ပစ္စည်းစီမံရေးဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တန်း၊ ဦးစီးအရာရှိ(ပစ္စည်း) ရာထူးနေရာသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ သွတ်သွင်းခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၃၀၇/၂၀၂၅)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၅ အရ ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၁၂) ခြေမြန်တပ်ရင်းမှ ကြည်း ၇၆၅၄၇ ဗိုလ်ကြီး အေးချမ်း အား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးချုပ်၊ စီမံခန့်ခွဲရေးဌာနခွဲတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တန်း၊ ဦးစီးအရာရှိ (စီမံ) ရာထူးနေရာသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ သွတ်သွင်းခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၃၀၈/၂၀၂၅)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၅ အရ ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၃၅၃) ခြေမြန်တပ်ရင်းမှ ကြည်း ၄၀၀၇၁ ဒုတိယဗိုလ်မှူးကြီး ပြည့်ဖြိုးထွေး အား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ် လျှပ်စစ်မန်နေဂျာရုံးတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) တန်း၊ လက်ထောက်အထွေထွေမန်နေဂျာ (စီမံ) ရာထူးနေရာသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ သွတ်သွင်းခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၃၀၉/၂၀၂၅)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၅ အရ ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၂၅၅) ခြေလျင်တပ်ရင်းမှ ကြည်း ၇၀၈၂၉ ဗိုလ်ကြီး ဖြိုးကိုကို အား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ရုံးချုပ်၊ စီမံခန့်ခွဲရေးဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တန်း၊ လက်ထောက်မန်နေဂျာ (စီမံ) ရာထူးနေရာသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ သွတ်သွင်းခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၃၁၀/၂၀၂၅)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/ ၂) ၂၀၂၅ အရ ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၃၆၈) ခြေမြန်တပ်ရင်းသို့ တွဲဖက်ထားသော အရန်အင်အားစာရင်းမှ ကြည်း ၇၈၉၃၈ ဗိုလ်ကြီး ဟိန်းထက်အောင် အား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ရုံးချုပ်၊ စီမံခန့်ခွဲရေးဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တန်း၊ လက်ထောက်မန်နေဂျာ (စီမံ) ရာထူးနေရာသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ သွတ်သွင်းခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၃၁၁/၂၀၂၅)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၅ အရ ကာကွယ်ရေးဝန်ကြီးဌာန၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ ကြည်း ၅၉၀၂၆ ဗိုလ်ကြီး ဝေလျှံဖြိုး အား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ရုံးချုပ်၊ စီမံခန့်ခွဲရေးဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တန်း၊ လက်ထောက်မန်နေဂျာ (စီမံ) ရာထူးနေရာသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ သွတ်သွင်းခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၃၁၈/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်)

၂၈-၈-၂၀၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး အမှတ်စဉ် (၂၅/၂၀၂၅) ၏ သဘောတူခွင့်ပြုချက်အရ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) တန်း၊ ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်ခင်သီအေး အား ၇-၁၀-၂၀၂၅ ရက်နေ့မှ ၆-၂-၂၀၂၆ ရက်နေ့ထိ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် ၇-၂-၂၀၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့် အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဥက္ကာထွန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စက်မှုဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၅ အရ ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၃၀၁) မြေမြန်တပ်ရင်းမှ ကြည်း ၄၃၂၉၅ ဗိုလ်ကြီး ဝင်းတင့်ဋ္ဌေးကြွယ် အား တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ စက်မှုဝန်ကြီးဌာန၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်းရှိ အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) ၌ လစ်လပ်လျက် ရှိသည့် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အလုပ်ရုံခွဲမှူးရာထူးဖြင့် ခန့်ထားလိုက်သည်။

ဒေါက်တာ ချာလီသန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၇၀/ ၂၀၂၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဆေးအဆင့်နိမ့် အီးအေ(၂)အရာရှိများအနက် ကြည်း ၅၅၅၀၀ ဗိုလ်ကြီး စိုးသီဟကျော် နှင့် ကြည်း ၇၁၀၇၈ ဗိုလ်ကြီး အောင်ဇော်ဟိန်း တို့အား ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီး ဌာနတွင် ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) နေရာများ၌ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

Jeng Phang နော်တောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၃၀/၂၀၂၅)**

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊လမ်းဦးစီးဌာန၊သဘာဝပတ်ဝန်းကျင်၊လူမှုရေးရာနှင့်လမ်းအန္တရာယ်ကင်းရှင်းရေးဌာနခွဲမှ ကိုယ်ပိုင်အမှတ်၊ ဆ/၂၄၄၇ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဒေါက်တာ အိအိမွန် အား ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး အမှတ်စဉ် (၁၀/၂၀၂၅) ၏ ဆုံးဖြတ်ချက်အရ ဗဟိုသင်တန်းကျောင်း၊ လမ်းဌာနခွဲတွင် လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ညွှန်ကြားရေးမှူး (မြို့ပြ) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့် တာဝန်ထမ်းဆောင်စေလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၃၆/၂၀၂၅)**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ အဆောက်အဦဌာနခွဲမှ ကိုယ်ပိုင်အမှတ်၊ ဆ/၂၃၅၆ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်သီရိစိုး အား ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၂၅) ၏ ဆုံးဖြတ်ချက်အရ ဗဟိုသင်တန်းကျောင်း၊ အဆောက်အဦဌာနခွဲတွင် လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ညွှန်ကြားရေးမှူး (မြို့ပြ) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့် တာဝန်ထမ်းဆောင်စေလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၄၀/၂၀၂၅)**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံးမှ ကိုယ်ပိုင်အမှတ်၊ ဆ/၃၃၉၁ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းနိုင် အား ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၂၅) ၏ ဆုံးဖြတ်ချက်အရ ၎င်းဦးစီးဌာန၊ ကချင်ပြည်နယ်၊ ညွှန်ကြားရေးမှူးရုံးတွင် လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ညွှန်ကြားရေးမှူးရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့် တာဝန်ထမ်းဆောင်စေလိုက်သည်။

မျိုးသန့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်)

၁။ နေပြည်တော်၊ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၂/ အလေားင်းစည်သူ)၊ ဦးပိုင်အမှတ် (၁၆၈ᵃ) အတွင်းရှိ ကျောင်းသစ်ကျောင်းတိုက် **မြေဧရိယာ ၁.၃၇၆ ဧက**

အား အခွန်လွတ်သာသနာ့မြေ ဆက်လက်လျှောက်ထားနိုင်ရန်အလို့ငှာ အဆိုပါ **မြေဧရိယာ ၁.၃၇၆ ဧက** ကို နေပြည်တော်စည်ပင်သာယာရေးကော်မတီက စီမံခန့်ခွဲသည့် မြေအဖြစ်မှ စွန့်လွှတ်လိုက်သည်။

၂။ အဆိုပါ **မြေဧရိယာ ၁.၃၇၆ ဧက** ၏ အလားလေးရပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(မြေပုံကြမ်းပူးတွဲလျက်)

အရှေ့လားသော် – ရန်ကုန်-မန္တလေးမီးရထားလမ်း

အနောက်လားသော် – ဦးပိုင်အမှတ် (၁၆၈^က)

တောင်လားသော် – ပေါ်ဆန်းမွှေးလမ်း

မြောက်လားသော် – ဦးပိုင်အမှတ် (၁၆၃၊ ၁၆၄၊ ၁၆၅)

တပ်ကုန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၂/အလောင်းစည်သူ)၊
ဦးပိုင်အမှတ် (၁၆၈^ခ) ကျောင်းသစ်ကျောင်းတိုက် မြေနေရာပြပုံ




သန်းထွန်းဦး
ဥက္ကဋ္ဌ
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်<br>(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်) | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး
### (ကြည်းတပ်ဌာနစု)

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်)

အမှတ် ၁၈၈/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်စွဲပါ စာအမှတ်၊ ၂/ ၁၀/ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

ရဲအောင် ကြည်း ၈၁၅၀၁

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)

အမှတ် ၁၉၃/၂၀၂၅။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၉၉) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

(၁) တင်လှ ကြည်း ၈၁၅၀၂ ၄–၅–၂၀၂၅
(၂) ဇော်မိုး ကြည်း ၈၁၅၀၃ ၁၃–၈–၂၀၂၅

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်)

အမှတ် ၁၉၄/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်စွဲပါ စာအမှတ်၊ ၂/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

(၁) ဇော်မျိုးမင်း ကြည်း ၈၁၅၀၄
(၂) တင်နွဲ့လင်း ကြည်း ၈၁၅၀၅

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်)

အမှတ် ၁၉၆/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်စွဲပါ စာအမှတ်၊ ၂/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ သဘာပတိ၏ သဘောတူ ခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

(၁) တင်လွင်ဦး ကြည်း ၈၁၅၀၆ ၂၀-၉-၂၀၂၅

(၂) မင်းဆွေ ကြည်း ၈၁၅၀၇ ၂၁-၉-၂၀၂၅

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်)

အမှတ် ၁၉၇/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်စွဲပါ စာအမှတ်၊ ၂/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ သဘာပတိ၏ သဘောတူ ခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

အောင်နိုင် ကြည်း ၈၁၅၀၈

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်
စစ်ရာထူးခန့်ချုပ်
စစ်ရာထူးခန့်ချုပ်ရုံး

## အဆင့်မြင့်ပညာဦးစီးဌာန

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်)

အမှတ် ၉၆၄။ ၁၅-၉-၂၀၂၅ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော အဆင့်မြင့်ပညာဦးစီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၅) အစီအစဉ်-၃ ၌ သဘောတူဆုံးဖြတ်ချက်အရ ပြည်တက္ကသိုလ်၊ မြန်မာစာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာ မြင့်မြင့်စိန် အား ၅-၁၁-၂၀၂၅ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးမည့် ၅-၃-၂၀၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အမှတ် ၉၆၅။ ၁၅-၉-၂၀၂၅ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော အဆင့်မြင့်ပညာဦးစီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၅) အစီအစဉ်-၂ ၌ သဘောတူဆုံးဖြတ်ချက်အရ မိုးညှင်းတက္ကသိုလ်၊ သမိုင်းဌာနမှ ပါမောက္ခ ဒေါက်တာ ခင်ရီ အား ၂၂-၁၁-၂၀၂၅ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးမည့် ၂၂-၃-၂၀၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာ သန်းဇော်ဦး
ညွှန်ကြားရေးမှူးချုပ်
အဆင့်မြင့်ပညာဦးစီးဌာန

ပ၊ ထ၊ န - အမှတ် ၆၃၅/၂၄/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ - ၁၂၀၀/ ၃၁-၁၀-၂၀၂၅။